# အိမ်ခြံမြေ/ အဆောက်အဦ ဝယ်ယူ/ တည်ဆောက်/ ရောင်းချခြင်းနှင့်စပ်လျဉ်း၍ အခွန်ရှင်းလင်းခြင်းဆိုင်ရာသိကောင်းစရာများ

၁။ အိမ်ခြံမြေ/ အဆောက်အဦ ဝယ်ယူခြင်း/ တည်ဆောက်ခြင်း/ ရောင်းချခြင်း ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆောင်ရွက်လိုပါက ကာလတန်ဖိုးစိစစ်သတ်မှတ်ခြင်း၊ ကြေညာလွှာတင်သွင်းခြင်း၊ အခွန်ပေးဆောင်ခြင်း စသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

၂။ ကာလတန်ဖိုးစိစစ်သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ဝယ်ယူ/ တည်ဆောက်/ ရောင်းချသည့် အခြေပစ္စည်းသည် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် တည်ရှိပါက သက်ဆိုင်ရာတိုင်းဒေသကြီးကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ထံ ဆက်သွယ်၍လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး နှင့်မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာနယ်နိမိတ်ပြင်ပရှိမြို့နယ်များနှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် တည်ရှိခြင်းဖြစ်ပါက သက်ဆိုင်ရာ မြို့နယ်ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ထံ ဆက်သွယ်၍လည်းကောင်း ကာလတန်ဖိုးသတ်မှတ်မှုခံယူရမည်ဖြစ်ပါသည်။

၃။ ကာလတန်ဖိုးစိစစ်သတ်မှတ်မှုခံယူပြီး တစ်နှစ်အတွင်း အခွန်စည်းကြပ်မှု ခံယူရမည်ဖြစ်ပါသည်။ ကာလတန်ဖိုးစိစစ်သတ်မှတ်မှုခံယူပြီး တစ်နှစ်အတွင်း အခွန်စည်းကြပ်မှုခံယူရန် ပျက်ကွက်ပါက ကာလတန်ဖိုးစိစစ်သတ်မှတ်ချက်မှာ အလိုအလျောက် ပျက်ပြယ်သွားမည်ဖြစ်ပြီး တစ်နှစ်ကျော်မှ အခွန်စည်းကြပ်မှုခံယူမည်ဆိုပါက လက်ရှိကာလတန်ဖိုးသတ်မှတ်စံနှုန်းများဖြင့် ပြန်လည်တန်ဖိုး သတ်မှတ်သွားမည်ဖြစ်ပါသည်။

၄။ အခွန်ထမ်းပြည်သူများအနေဖြင့် အိမ်ခြံမြေ/ အဆောက်အဦ ဝယ်ယူခြင်း/ တည်ဆောက်ခြင်း/ ရောင်းချခြင်းနှင့်စပ်လျဉ်း၍ အခွန်ပေးဆောင်ခြင်းကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည် –

(က) အိမ်ခြံမြေ/ အဆောက်အဦ ဝယ်ယူခြင်း/ တည်ဆောက်ခြင်းကိစ္စရပ်များ ဆောင်ရွက်လိုပါက အခြေပစ္စည်းတည်ရှိရာ သက်ဆိုင်ရာမြို့နယ်အခွန်ရုံးသို့ ဝင်ငွေကြေညာလွှာတင်သွင်းပြီး ဝယ်ယူခြင်းအတွက် ဝင်ငွေရလမ်းတင်ပြနိုင်ပါက ဝင်ငွေရလမ်းတင်ပြခြင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက ၂၀၂၀ ပြည့်နှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၂၅ ပါ အခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန်ပေးဆောင်ခြင်းနှင့် သတ်မှတ်တန်ဖိုးအပေါ် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ခြင်းတို့ကို ဆောင်ရွက်ရပါမည်။

(ခ) အိမ်ခြံမြေ/ အဆောက်အဦ ရောင်းချခြင်းကိစ္စရပ်များ ဆောင်ရွက်လိုပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ပါသည် –

(၁) အခြေပစ္စည်း လွှဲပြောင်းရောင်းချသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အခြေပစ္စည်းတည်ရှိရာ သို့မဟုတ် အခွန်ထမ်းနေထိုင်သည့် သက်ဆိုင်ရာမြို့နယ်အခွန်ရုံးသို့ ဝင်ငွေ

ကြေညာလွှာတင်သွင်းခြင်းနှင့် ကျသင့်အခွန် ကိုခန့်မှန်းတွက်ချက်ပေးသွင်းခြင်းတို့ကို ဆောင်ရွက်ရပါမည်၊

(၂) သတ်မှတ်ပေးထားသည့်ကာလတန်ဖိုးအပေါ် မူလအဝယ်တန်ဖိုးနှင့် ယင်းပစ္စည်း လွှဲပြောင်းရောင်းချရာတွင် ဖြည့်စွက်အသုံးပြုခဲ့ရသည့် ကုန်ကျစရိတ်များအား ခွင့်ပြု နုတ်ပယ်ပြီး ၂၀၂၀ ပြည့်နှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ မြတ်စွန်း သည့်ငွေအပေါ် ၁၀% ဖြင့် ဝင်ငွေခွန် ပေးဆောင်ရမည် ဖြစ်ပါသည်၊

(၃) နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက် မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေ ပေါ်ပေါက်စေကာမူ ဝင်ငွေခွန် ပေးဆောင်ရန် မလိုအပ်ပါ။

၅။ အိမ်ခြံမြေ/ အဆောက်အဦ ဝယ်ယူခြင်း/ တည်ဆောက်ခြင်း/ ရောင်းချခြင်း ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၏ website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**